# မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ်အရ ဖွင့်လှစ်သည့်
# “Training on Microsoft Power BI No.2 ”
# သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**“Training on Microsoft Power BI No.2”** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၅-၁၂-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၂၀၂၂ ခုနှစ်၊ ၅-၁၂-၂၀၂၂ ရက်နေ့ မှ ၁၆-၁၂-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာဦးဌေးအောင်က သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် ဈေးနှုန်းများတွက်ချက်သည့်နည်းစနစ်များကို UN လမ်းညွှန်ချက်များအတိုင်း တွက်ချက်တတ်စေရန်၊ Microsoft Power BI ကို အသုံးပြု၍ စာရင်းအင်း အချက်အလက်များကို စွမ်းဆောင်ရည်ပြည့်ဝစွာ စိစစ်တွက်ချက်ရာတွင် လုပ်ဆောင်မှု တိုးတက်စေရန်၊ စာရင်းအင်းအချက်အလက်များကို ခေတ်မီနည်းပညာကို အသုံးပြု၍ ကျွမ်းကျင်စွာ ကိုင်တွယ်တွက်ချက်နိုင်ခြင်း နှင့် စိစစ်အကဲဖြတ်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

သင်ခန်းစာများမှာ Importing Data from Multiple Data Source, Essential Background Concepts နှင့် Using Power BI တို့ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာများအား Data Modelling နှင့် Overview of DAX Functions စသည်တို့ကို အသုံးပြု၍ Power Pivot Window ဖြင့် DAX Data Types & Operators ကို လက်တွေ့အသုံးချနိုင်ရန် သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ (၁၇) ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ (၁၃)ဦးတို့ဖြင့် အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၃၀)ဦးတက်ရောက်ခဲ့ပါသည်။